www.burmeseclassic.com

မြင့်စိုရ်မေမေတာပေ

အင်္ဂလိပ် မြန်မာ နှစ်ဘာသာ
အဆင့်မြင့်ဆေးရောင်စုံရုပ်မြှ

ဗုဒ္ဓ
မြတ်စွယ်တော်လေးဆူဘုရားသမိုင်း

ပန်းချီ
မျိုးမာန်နှင့် **ကျော်မိုးဇော်**
ရေးဆွဲပူဇော်သည်

ရေဆေးပန်းချီ၊ ဖြင့်ဆေးရောင်စုံရေးဆွဲထားသည်

www.burmeseclassic.com

www.burmeseclassic.com

ပြင့်မိုရ်မေမေ စာပေ မှ လုတ်ဝေသော သားသားမီးမီးချိုးအတွက် ဗုဒ္ဓဘာသာဆိုင်ရာ သိမှတ်ထွယ်ရာများ၊
ငါးရာငါးဆယ် ဇာတ်တော်များ၊ အဖွေးဖွေ၊ ဟာသစာ၊ ယဉ်ကျေးမှု၊ ဆုံးမစာ၊ ဟောပေးပုံပြင်များ၊
သင်ကြားရေးအထောက်အကူပြုစာအုပ်များ အင်္ဂလိပ် မြန်မာ နှစ်ဘာသာ အဆင့်မြင့် သောရေးဆိုခွဲတွဲ ပြုများ
ပန်းချီမျိုးမာန် ရေးဆွဲ၍ စာမျက်နှာ (၁၁၂/၁၁၆/၁၂၀/၁၂၄/၁၆၀) စာမျက်နှာပြည့် ပါဝင်သည်။

ပြင့်မိုရ်မေမေစာပေ - အမှတ် - ၁၂၉၉၊ အောင်သုခ (၂၇)လမ်း၊ ၆ - ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်တုန်ပြည်ထောင်စု၊ ဖုန်း - ၀၉ - ၅၀၂၉၃၃၆၊ ၀၉ - ၄၂၀၀၄၄၄၆

Myint Moh Maymay Facebook.com တွင် စာအုပ်ကြော်ငြာများဝင်ရောက်ကြည့်ရှုနိုင်ပါသ

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်သည် ----------
၏စာအုပ်ဖြစ်ပါသည်။

This book is of .....

မြင့်မိုရ်မေမေစာပေ

အမှတ်- ၁၂၉၉၊ အောင်သုခ (၂၇) လမ်း၊ (၆) အရှေ့ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁ ၂၉၃၃၆-၀၉၄၂ ၀၀၄၄၆၈၄

Myint Moh May May Literature

No.(1299),Aung Thu Kha 27 Street,(6) East Quarter,
Tharkayta Township, Yangon.Ph: 095029336-09420044684

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ မောင်မျိုး (မြင့်မိုရ်မေမေစာပေ)	Arrangement Maung Myo (Myint Moh Maymay Literature)
စာတည်ဆန်း ကိုသုခ	Scenario Ko Thu Kha
ဘာသာပြန် ဦးလှကြွယ်	Translator U Hla Kywe
ပန်းချီ မျိုးမာန်+ ကျော်မိုးဇော်	Illustration Myo Man. Kyaw Moe Zaw
မျက်နှာဖုံးပန်းချီ ဦးကျော်သောင်း	Cover Illustration U Kyaw Thaung
အတွင်းကွန်ပျူတာ ဖိုးနီထောင် (မြင့်မိုရ်မေမေ)	Inside Computer Phyoe Ni Htaung (Myint Moh Maymay)
အတွင်းဖလင် စိန်နဂါး	Inside Film (CTP) Sein Na Gar
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ဦးဇေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်) (မြ – ၀၀၅၇၇) အမှတ်(၁၂၉၉)၊ အောင်သုခ(၂၇)လမ်း၊ (၆)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။	Inside and Cover Press U Zay Myo Oo (Aung Myint Moh Printing Pres (Permanence - 00577) No.1299, Aung Thu Kha (27) Street, (6) East Quarter, Tharkayta Township, Yango
စာအုပ်ချုပ် အောင်မြင့်မိုရ်	Binding Aung Myint Moh
ထုတ်ဝေသူ ဒေါ်ထွေးထွေးသိန်း (ငွေမုံကြယ်လစဉ်) (မြ – ၀၀၈၂၇)	Publisher Daw Htwe Htwe Thein (Nwe Mohn Kyel monti (Permanence - 00827)
ထုတ်ဝေသည့်ရက်စွဲ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (ပထမအကြိမ်) အုပ်ရေ (၅၀၀)၊ တန်ဖိုး– ၁၅၀၀ ကျပ်	Date of Publishing 2016, February (1st time) Circulation (500), Price 1500 Kyats
ဖြန့်ချိရေး မြင့်မိုရ်မေမေစာပေ ၀၉-၅၀၂၉၃၃၆၊ ၀၉-၄၂၀၀၄၄၆၈၄	Distribution Myint Moh Maymay Literature 09 5029336, 09 420044684

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ၏ စေတနာ

မြန်မာပြည်သူ ပြည်သားများနှင့် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ''ပုဂံမြို့ မြတ်စွယ်တော်လေးဆူ ဘုရားသမိုင်း'' ကြောင်းကို စာဖတ်သူများနှင့် ကလေးသူငယ်တို့ သိရှိစေရန် ဆည်သန်လျက် ပန်းချီသရုပ်ဖော် စာအုပ်ကြီးကို ကြိုးစားရေးဆွဲ တင်ဆက်လိုက်ရပါသည်။

ဤသို့လျှင် စာအုပ်တစ်အုပ်လုံး ဆေးရောင်စုံ ပန်းချီကားများဖြင့် နှစ်ချီကြာအောင် အချိန်ယူရေးဆွဲပြီး ဆွေကုန်ကြေးကျများစွာခံကာ ရေးဖွဲ့ထုတ်ဝေသည့်တိုင် ဖြန့်ချိသည့်ဈေးနှုန်းကို များစွာလျှော့ချထားခြင်းသည်ပင် အမြတ်အစွန်းကို ပဓာနမထားဘဲ ဘာသာ သာသနာနှင့် စာဖတ်သူတို့အကျိုးကိုသာ ရှေ့ရှုကြောင်း ပေါ်လွင်ထင်ရှားမည်ဟု ယူဆပါသည်။

''ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု''ဟူသည့် စကားအတိုင်း မြတ်ဗုဒ္ဓ၏ သာသနာ ရေရှည်တည်တံ့စေရန် ဆည်သန်လျက် တစ်ထောင့်တစ်နေရာမှ သာသနာပြုသည့်အနေဖြင့် ကြိုးစားရေးဖွဲ့ တင်ဆက်လိုက်ခြင်း ဖြစ်ပါကြောင်း ...

မောင်မျိုး
မြင့်မိုရ်မေမေစာပေ

The Publisher's benevolence

For the people of Myanmar and Theravada Buddhists including children and adults, I present and publish "History of four facred tooth-relic pagodas in Bagan" with enthusiasm and colourful illustrations.
Though I publish the whole book all pages with colour and prepared it as year-long achievement, I distribute the book with price much lower than its actual costs. That is my intention and benevolence, without hoping for any profit and produce it for the sake of the readers to propagate the dispensation of Lord Buddha.
The Buddhists used to recite "Buddha Tharthana Siran Teiktahtu" (May the teaching of Lord Buddha be lasted eternally). I publish this book as a Buddhistic missionary work to propagate and to perpetuate the teaching of Lord Buddha.

Maung Myo
Myint Moh Maymay Literature

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ဗြတ်ဗုဒ္ဓ၏ သရီရဂေတာတော်များ	၁
ရွှေချင်းခဲဗြတ်မယ်တော်	၂၁
တန့်ကြည်တောင်ပြတ်မယ်တော်	၁၃
လောကနန္ဒာပြတ်မယ်တော်	၄၄
သူရင်းတောင်ပြတ်မယ်တော်	၁၀၃
မယ်တော်လေးဆူ ဘုရားများစာရင်း	၁၀၇

Contact

Subject	Pages
Lord Buddha's relics	5
Shwe Zikhon tooth relic	25
Tant Kyi Taung tooth relic pagoda	53
Loka Nandar, the tooth relic pagoda	99
Turin Taung tooth relic pagoda	103
Pilgrimage to four tooth relic pagodas	107

www.burmeseclassic.com

www.burmeseclassic.com

မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော်များ

Lord Buddha's relics

ဂေါတမမြတ်စွာဘုရားရှင်သည် ဘီစီ ၆၂၅ ခုနှစ် ရက် မဟာသက္ကရာဇ် ၆၈ ကဆုန်လပြည့် သောကြာနေ့တွင် အိန္ဒိယပြည် အရှေ့မြောက်ဘိုင်း လုမ္ဗိနီအင်ကြင်းတောဌ ဖွားမြင်တော်မူပြီးလျှင် ...

Gautama Buddha was born (On 5th April, 625 BC and that was corresponding to on Friday, fullmoon day of Kason in greater era 68), at the lumbini grove in northeast of India.



www.burmeseclassic.com

www.burmeseclassic.com

ဘီစီ ၅၉၀၊ ဧပြီ ၉ ရက် မဟာသက္ကရာဇ် ၁၀၃၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် သမ္ဗဒ္ဓညာဏ်တော်ကို ရရှိတော်မူပြီးလျှင် ဗုဒ္ဓမြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့လေ၏။

On 9th April, 590 BC (On Wednesday, fullmoon day of Kason 103 greater era), he attained enlightenment and became Lord Buddha.



burmeseclassic.com

www.burmeseclassic.com

ဘုရားပွင့်တော်မူပြီးနောက် ၄၅ ဝါ ကာလပတ်လုံး လူ၊ နတ်၊ ब्रह्मတို့အား တရားမွေ ဟောကြားဆုံးမတော်မူခဲ့ပြီးနောက် ...

After Lord Buddha had attained enlightenment, he preached people, nat devas and brahma for 49 years of Buddhahood.

ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် ဘီစီ၅၄၅၊ ဧပြီ၂၁ မဟာသက္ကရာဇ် ၁၄၈၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် မလ္လာမင်းတို့၏ ကုသိနာရုံ ပြည်၊ အင်ကြင်းတောင်၌ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့လေ၏။

On 21, April, 545 BC (On Tuesday, fullmoon day of Kason, 148 greater era) Lord Buddha annihilated from being and attained nirvana in the royal park of Malla kings, where Kusinara was situated.

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်ကလာပ်တော်ကို ဘီစီ ၅၄၅၊ မေ ၁၀ မဟာသက္ကရာဇ် ၁၄၈၊ နယုန်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့တွင် စန္ဒကူးနှင့်ထင်းပုံပေါ်တွင်တင်ကာ တေဇောဓါတ်လောင် စေခဲ့သည်။

Then on 10th May, 545 B.C (On Sunday, 4th Waxing day of Nayon, 148 greater era) the remain of Lord Buddha was placed on the heap of Sandal wood and cremated.

ယင်းသို့လျှင် တေဇောဓါတ် လောင်ကျွမ်းပြီးနောက် အခေါင်းကိုဖွင့်လှစ်လိုက်သောအခါ ...

When the coffin was opened after the cremation.

www.burmeseclassic.com

www.burmeseclassic.com



မြတ်ဗုဒ္ဓ၏သရီရ ဓါတ်တော်မွေတော်တို့ကို တွေ့ရလေ၏။ ကြီးမားသော ရွှေရောင်အဆင်းရှိ ဓါတ်တော်တို့မှာ ပဲနောက်စေ့ခန့်ပမာဏအရွယ်ရှိကာ ...

They found the relics of Lord Buddha. The golden relics were in the size of small peas.

အလယ်အလတ် ပုလဲအရောင်ရှိ ဓါတ်တော်တို့သည် ဆန်ကျိုးအရွယ်ပမာဏရှိကြပြီး

The middle sized relic were in the size of broken rice and they had pearl colour.

ဓါတ်တော်ငယ်တို့မှာ မြတ်လေးငုံ အရောင်ဖြစ်ကာ မုန်ညင်းစေ့အရွယ် ပမာဏရှိကြလေ၏။

The small relics, were in the size of mustard seed and with the colour of star ipomea flower.

www.burmeseclassic.com

www.burmeseclassic.com

မီးမခဘဲ မူလပကတိအတိုင်း ကျန်ရစ်သော ရုပ်ကြွင်း (၇)ပါးမှာ ...
(၁) နဖူးသင်းကျစ်တော် (၂) လက်ယာညှပ်ရိုးတော် (၃) လက်ဝဲညှပ်ရိုးတော်

The seven kinds of relics which were not consumed by fire wer.
(1) forehead bone (2) right collar bone (3) left collar bone

(၄) လက်ယာအထက်စွယ်တော် (၅) လက်ယာအောက်စွယ်တော် (၆) လက်ဝဲအထက် စွယ်တော်နှင့်
(၇) လက်ဝဲအောက် စွယ်တော်တို့ ဖြစ်ကြပါ၏။

(4) upper right canine (5) lower right canine (6) upper left canine and (7) lower left canine.

www.burmeseclassic.com

www.burmeseclassic.com

မလ္လာမင်းတို့သည် သရီရဓါတ်တော်မွေတော် စွယ်တော်တို့ကို ရတနာပြဿဒ် ကျောင်းဆောင်သို့ သယ်ဆောင်ကာ (၇) ရက်ကြာ ပူဇော်ထားလေသည်။

The Malla kings carried the Buddha's relics to the bejewelled shrine and placed there for seven days.

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသောသတင်းနှင့် ဓါတ်တော်မွေတော်တို့ ကြွင်းကျန်ရစ်သည့် သတင်းကို ကြားသိသော ခုနစ်ပြည်ထောင်မင်းတို့သည် ဓါတ်တော်မွေတော်တို့ကို တောင်းရန် စစ်သည်အလုံးအရင်းဖြင့် မလ္လာမင်းတို့၏ ကုသိနာရုံပြည်သို့ ချီတက်ရောက်ရှိလာကြလေ၏။

The news of the annihilation of being of Lord Buddha spread far and wide. When the kings of seven kingdoms wanted to ask the relics. They marched to the Kusinara of Malla and congregated there.



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ကုသိနာရုံပြည်မှ မလ္လာမင်းတို့အပါအဝင် ရှစ်ပြည်ထောင်မင်းတို့သည် ခါတ်တော်မွေတော်တို့ ရရှိရေးအတွက် ရန်မီးပွားကာ စစ်ဖြစ်ရမည့်အနေထားသို့ ဆိုက်ရောက်လာလေသည်။

At the time, all eight kings, including Malla king, were on the brink of war for the relics.

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ဒေါနပုဏ္ဏားကြီးက ဝင်ရောက်ဖျန်ဖြေပေးရလေ၏။
At the time, the brahmin Dhauna quelled the rancourous situation.

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် ဒေါနပုဏ္ဏားကြီးက ဓါတ်တော်မွေတော်တို့ကို ပြည်တောင်းဖြင့်ချိန်ကာ ရှစ်ပြည်ထောင်မင်းတို့အား အညီအမျှ ခွဲဝေပေးလေသည်။

So the brahmin Dhauna, measured the relics with the basket and shared them equally.



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် ဒေါနပုဏ္ဏားကြီးသည် ရှစ်ပြည်ထောင်မင်းတို့ကို စေတီတော်မွေတော်များဝေပေးရင်း ...
The brahmin shared the relics to the kings of eight kingdoms.

ရှစ်ပြည်ထောင်မင်းများ စေတီတော်မွေတော်များကို ပူဇော်ခိုက်တွင် ဒေါနပုဏ္ဏားကြီးသည် လက်ယာအထက်စွယ်တော်အား ၎င်း၏ဦးရစ်ပေါင်းကြားတွင် ဝှက်ထားလိုက်လေ၏။
While brahmin was sharing, he hid the right upper canine into his turban.

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဒေါနပုဏ္ဏားကြီး ဝက်သည်ကို သိကြားမင်းက တွေ့မြင်သွားရာ ဒေါနပုဏ္ဏားကြီးမသိအောင် ရယူကာ...

When the sakka the king of devas saw how the brahmin hid the relic Sakka took stealthily the relic ...

တာဝတိံသာနတ်ပြည်ဆီ ပင့်ဆောင်သွားပြီးလျှင် စူဠာမဏိစေတီ၌ ဌာပနာခဲ့လေသည်။

And brought it to Tavatimsa. And enshrined the relic in Sulamani pagoda.

www.burmeseclassic.com

www.burmeseclassic.com

ဒေါနပုဏ္ဏားကြီးသည် လက်ယာအောက်စွယ်တော်ကို မိမိခန္ဓာကိုယ်၏အောက်တွင် ဝှက်လိုက်ရာ ဇေယျသေန နဂါးမင်းက တွေ့မြင်သွားသဖြင့် ...

The brahmin hid the right lower canine under his foot. Zeya Thaina, the king of dragon saw it.

ဒေါန ပုဏ္ဏားကြီး မသိအောင် ရယူလိုက်ပြီး ...

He took stealthily and ...

www.burmeseclassic.com

နဂရပူရ နဂါးပြည်ဆီ ပင့်ဆောင်သွားကာ ရတနာစေတီတွင် ဌာပနာခဲ့လေသည်။
Brought the relic to Nagrapura. He enshrined the relic in Ratana pagoda.



www.burmeseclassic.com

www.burmeseclassic.com

ဒေါနပုဏ္ဏားကြီးသည် လက်ဝဲအထက်စွယ်တော်ကို မိမိ၏ကိုယ်ဝတ်ကြားခ၌ ဝှက်လိုက်ရာ ...

When the brahmin hid upper left canine in his body.

ဂန္ဓာရ တိုင်းသား ရဟန်းတစ်ပါးက တွေ့မြင်သွားသဖြင့် ဒေါန ပုဏ္ဏားကြီးမသိအောင် ရယူလိုက်ပြီး

A monk from Ghandara saw it. He took it stealthily from brahmin Dhauna.



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

Illustration
Myo Man & Kyaw Moe Zaw ပန်းချီ မျိုးဟန်နှင့်ကျော်မိုးဇော်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ရွှေစည်းခုံမြတ်စွယ်တော်

Shwe Zikhon tooth relic

ရွှေစည်းခုံစေတီသည် ပုဂံဒေသတွင် ထင်ရှားသော စေတီကြီးဖြစ်ပြီး မြတ်စွယ်တော်လေးဆူတွင် အပါအဝင်ဖြစ်သည်။

The Shwe Zikhon pagoda is famous in Bagan region.



ညောင်ဦးမြို့မြောက်ဘက် ရောဝတီမြစ်ကမ်းနံဘေး တွင်တည်ရှိသော ရွှေစည်းခုံစေတီကြီးကို တည်သော ဒါယကာမှာ အနော်ရထာမင်းကြီးပင် ဖြစ်ပါတယ်။

The Shwe Zikhon pagoda which is situated at the north of Nyaung-U and on the bank of Ayeyawadi river and was built by king Anawrahta.

www.burmeseclassic.com

www.burmeseclassic.com

အနော်ရထာမင်းကို ကွမ်းဆော်ကြောင်ဖြူမင်းနှင့် မြောက်ပြင်မိဖုရားတို့မှ အေဒီ ၁၀၁၄ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့တွင် ပုဂံ၌ ဖွားမြင်ခဲ့လေသည်။

The king Anawrahta was the son of Kwansaw Kyaung Phyu and queen Myauk Pyin and was born in 1014 A.D, on 13th April in Bagan.

burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ယင်းအချိန်တွင် ပုဂံ၌ အရည်းကြီးတို့၏အယူဝါဒ လွှမ်းမိုးလျက်ရှိပြီး သမထီးအရပ်မှ အရည်းကြီး သုံးကျိပ်သည် ပုဂံတွင် သြဇာကြီးမားလျက် ရှိလေ၏။

At that time, Bagan was flourished by the heretic doctrine of Aris. The thirty Aris had flourished their doctrine in Bagan.

အနော်ရထာ(ခေါ်) အနုရဒ္ဓာမင်းကြီးသည် အရည်းကြီးတို့၏ အယူဝါဒကို နှစ်လိုခြင်း မရှိချေ။

Anawrahta (alias) Anurhudda did not like the doctrine of Aris.

www.burmeseclassic.com

www.burmeseclassic.com

ယင်းအချိန်မှာပင် သုဓမ္မဝတီ အမည်ရှိသော သထုံပြည်မှ ဓမ္မဒဿီမည်သော ရှင်အရဟံသည် ဗုဂံပြည်သို့ ကြွရောက်တော်မူလာလေသည်။

At that time, the monk Dhamma Dhatthi, who was also know as Shin Arahan from Thudhamma Wadi which was generall known as Thaton came to Bagan.



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် အနော်ရထာမင်းကြီးသည် ရှင်အရဟံထံမှ ဗုဒ္ဓဟောကြားခဲ့သော တရားဒေသနာတော်တို့ကို ကြားနာရလျှင် လွန်စွာနှစ်ခြိုက် သဘောကျကြည်ညိုသွားလေ၏။

When the king Anawrahta heard the preaching of Lord Buddha from Shin Arahan, he revered the monk deeply.

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် အနော်ရထာမင်းကြီးသည် သထုံပြည်မှ ဝိဋကတ်သုံးပုံကို ပင့်ဆောင်ခဲ့လေသည်။

Then the king Anawrahta brought the tipitaka from Thaton.

ယင်းသို့ ဝိဋကတ်သုံးပုံကို ရရှိပြီးနောက် ဗုဒ္ဓ၏ ပြတ်စွယ်တော်ကို ဂန္ဓာရတိုင်း (ခေါ်) တရုတ်ပြည် မှပင့်ဆောင်ပူဇော်ခွင့်ရရန် ဆန္ဒရှိလာခဲ့လေသည်။

After he had brought tipitaka from Thaton, he wanted to get Buddha's relics from Ghandara region (or) a province in China.

burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ၁၀၅၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် တရုတ်နိုင်ငံသို့ စစ်သည်ဗိုလ်ပါ အလုံးအရင်းနှင့် ချီတက်ခဲ့လေသည်။

So on 16th December 1057-AD, he marched to China with his soldiers.



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်ခွင့် မရခဲ့ဘဲ စွယ်တော်နှင့်အတူ မြတ်စွယ်တော်ကျောင်းတွင် ကိန်းဝပ်စံပယ်လျက်ရှိသော မြဆင်းတုတော်ကိုသာ ဓမ္မလက်ဆောင်အဖြစ် ရရှိခဲ့ပါသည်။

However, the king did not get the Buddha's tooth relic, but he got only emerald image that placed together with relic instead.

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ရှင်အရဟံနှင့်တိုင်ပင်ပြီးလျှင် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏အကျိုးငှာ သာသနာတော် ငါးထောင်ပတ်လုံး တည်စေလိုသဖြင့် နဖူးသင်းကျစ်ဓါတ်တော်ကို ဆင်ဖြူတော်ထက်တွင်တင်ကာ အဓိဋ္ဌာန်ပြုတော်မူလေသည်။

Then the king consulted with Shin Arahan and for the benefit of all the living creatures, the king put the relic on the white elephant and made on oath.



www.burmeseclassic.com

ဆင်ဖြူတော်သည် ရောဝတီမြစ်ကမ်းနံဘေးရှိ သဲစည်းရုံတွင် ဝပ်လေသည်။

The white elephant crouched on the sandy bank of Ayeyawadi river.

ထို့ကြောင့် အေဒီ ၁၀၆၀ ခုနှစ်တွင် ဆင်ဖြူတော်ဝပ်ရာ ဇေယျဘုံအရပ်၌ စေတီတည်ပြီးလျှင် နဖူးသင်းကျစ် ဓါတ်တော်မွေတော်ကို ဌာပနာ လေ၏။

So in 1060 A.D, at the ground of Zeya bhuni where the white elephant crouched, he built a pagoda and enshrined Lord Buddha's forehead bone.

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ဆန္ဒရှိသည်နှင့်အညီ သီဟိုဠ်မင်း ဝိဇယဘာဟု အား ဆက်သရန် ဆင်ဖြူတော်နှင့်တကွ လက်ဆောင်ပဏ္ဍာများပါးလျက် တမန်အဖွဲ့ကို စေလွှတ်တော်မူလေသည်။

With that desire the king sent his special envoy to Wizayabahu the king of Ceylon with valuable presents.



သီဟိုဠ်ကျွန်းနိုင်ငံသို့ ရောက်လေလျှင် ...

When the special envoy arrived at Ceylon.

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ယင်းနောက် နန်းတော်ရှေ့ရှိ ရတနာတိုဖြင့် မွမ်းမံထားသော ဗြာသဒ်ထက်၌ ကိန်းဝပ်စံပယ်စေလျက် ကြီးစွာသော ပူဇော်သက္ကာရ ပြုတော်မူလေ၏။

The relic was placed in front of the royal palace and let others to revere it.

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ပူဇော်သက္ကာရ ပြုနေကြရာမှ ရှင်အရဟံ၏မိန့်ကြားချက်အရ အနော်ရထာမင်းကြီးသည် ရတနာဆင်ဖြူတော်ထက်တွင် မြတ်စွယ်တော်ကိုတင်ပြီးလျှင် အမိန့်ဌာန်ပြုလေသည်။

In accordance with the advice of Shin Arahan, the king Anawrahta placed the Buddha's tooth relic on the white elephant and made an oath.

www.burmeseclassic.com

www.burmeseclassic.com

ဆင်ဖြူတော်သည် မြတ်စွယ်တော်ကို ပင့်ဆောင်သွားပြီးလျှင် မြတ်စွာဘုရား၏ နဖူးသင်းကျစ်တော် ဌာပနာထားရာ တည်လက်စ ရွှေစည်းခုံစေတီ၏ ပစ္စယာထက်သို့တက်ကာ ဝပ်လေသည်။

The white elephant, carrying the Buddha's tooth relic, it stepped up to basic terrace of Shwe Zikhon which was still building, it crouched there.



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အနော်ရထာမင်းကြီး၏လက်ထက်၌ ရွှေစည်းခုံစေတီတော်ကြီးကို အပြီးသတ် မတည်နိုင်ခဲ့ချေ။

But during the reign of king Anawrahta, the Shwe Zikhon pagoda was not completed.

www.burmeseclassic.com

အေဒီ ၁၀၉၀ ပြည့်နှစ် ဧပြီလ ၁၅ရက် နေ့တွင် တည်ဆောက်ပြီးစီးခဲ့လေသည်။

On 15th April, 1090 AD, the Shwe Zikhon pagoda was completed.

အနော်ရထာမင်းကြီးသည် စွယ်တော်မြတ်စေတီအဖြစ် ရွှေစည်းခုံစေတီသာမက တန့်ကြည့်တောင်စေတီ၊ လောကနန္ဒာစေတီနှင့် တူရင်းတောင်စေတီတို့ကိုပါ တည်တော်မူခဲ့ပါ၏။

The king Anawrahta built not only Shwe Zikhon as tooth relic pagoda, but he built Tant Kyi Taung pagoda, Loka Nanda pagoda and Turin Taung pagoda also.



www.burmeseclassic.com

www.burmeseclassic.com

တန့်ကြည်တောင်မြတ်စွယ်တော်

Tant Kyi Taung tooth relic pagoda

တန့်ကြည်တောင် မြတ်စွယ်တော်စေတီတော်သည် ပုဂံမြို့၏တစ်ဖက်ကမ်း ရောဝတီမြစ်၏ အနောက်ဘက်ကမ်း ပခုက္ကူခရိုင်ရှိ တန့်ကြည်တောင်တန်းပေါ်တွင် တည်ရှိတော်မူလေသည်။

The Tant Kyi Taung tooth relic pagoda is situated on the Tant Kyi Taung mountain range which is at the opposite bank of Ayeyawadi river in the west in Pakoku district.



www.burmeseclassic.com

www.burmeseclassic.com

တန့်ကြည့်တောင်ကို ရှေးအခါက ဟိရည္ယက တောင် (ရွှေ၊ ငွေ၊ သတ္တုထွက်သောတောင်) ဟုလည်း ခေါ်တွင်ခဲ့လေသည်။

In ancient time Tant Kyi Taung was kown as Hiranyaka (The range where gold, silver, and metals can be extracted)

တန့်ကြည့်တောင်ဟု ခေါ်တွင်ရခြင်းမှာ ဂေါတမမြတ်စွာဘုရားရှင်သည် ညီတော်ရှင်အာနန္ဒာကို နောက်တော်ပါးမှခေါ်ဆောင်လျက် ကြွချီတော်မူလာစဉ်က

It is named as Tant Kyi Taung because, when Gautama Buddha along with his brother Shin Ananda, made a miraculous visitation there.

burmeseclassic.com

www.burmeseclassic.com

ဟိရည္ညကတောင်ထွတ်ပေါ်တွင် ပါဒ ခြေတော်အစုံတန့်ရပ်လျက် ရောဝတီမြစ်ကြီး၏ တစ်ဖက်ကမ်းဆီ မျှော်ငေးကြည့်ရှုတော်မူကာ ဗျာဒိတ်စကားမြွက်ကြားတော်မူခဲ့လေသည်။

Lord Buddha stood on the summit of the mountain and looked at the opposite bank of Ayeyawadi gave preordainment.



www.burmeseclassic.com

www.burmeseclassic.com

ပြတ်စွာဘုရား ဤကဲ့သို့ ပေါက္ကံရာမ ပုဂံပြည်တည်ရှိမည့်အရပ်ကို ဗျာဒိတ်ပေးသည့်အခါ တန့်ရပ်ကြည့်တော်မူခဲ့သဖြင့် တန့်ကြည့်တောင်ဟု ခေါ်တွင်ကြောင်း ရှေးရိုးစကားရှိလေ၏။

Lord Buddha stood on this range looked at the place where there would be Paukkan Yama. So this mountain range is known as Tant Kyi Taung.



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



burmeseclassic.com

www.burmeseclassic.com



ပြဿဒ်နှင့်တကွ စွယ်တော်ပွားစံပယ်လျက်ရှိသော ရတနာပန်းတောင်းကို ကျောထက်တွင် ပင့်ဆောင်လျက် ရတနာဆင်ဖြူတော်သည် ဦးစွာနန်းတော်ကို သုံးပတ် ပတ်လေ၏။

The tooth relic was put into bejewelled casket and placed it in the replica of shrine on the white elephant's back and released it.
The white elephant loitered around the palace three times.

www.burmeseclassic.com

www.burmeseclassic.com

ထိုနောက် ရတနာဆင်ဖြူတော်သည် ဗူးဘုရားထိပ်မှနေ၍ ရောဝတီမြစ်ကြီးကို ဖြတ်ကူးလေတော့ရာ ...

Then the white elephant swam across the Ayeyarwadi river from the base of Bu pagoda.

ရှင်အရဟံ အနော်ရထာမင်းကြီးနှင့် တကွ မှူးမတ်ဗိုလ်ပါတို့သည် လှေတော်လှော်ကားတို့ဖြင့် ရောဝတီမြစ်ကြီးကို ဖြတ်ကူးလျက်

Shin Arahan and King Anawrahta crossed the Ayeyawadi river with royal barge along with the ministers.

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

History of four facred tooth-relic pagodas in Bagan.

တန့်ကြည့်ရွာထိပ်ရှိ တောင်ပူစာတောင်ကုန်းထက်၌ ပုဆစ်တုပ်ကာ နှာမောင်းလွှဲရမ်းလျက် အော်မြည်ဟစ်ကြွေးလေသည်။

On the mound of Tant Kyi village the white elephant sat crouching and raised its trunk and cried loudly.

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် ရှင်အရဟံက မိန့်ကြားတော်မူလေ၏။

At that time Shin Arahan gave guidance.



www.burmeseclassic.com

ထို့နောက် ရတနာဆင်ဖြူတော်သည် လွင်ပြင်တစ်ခုကို ဖြတ်သွားစဉ် မိုးသည်းထန်စွာ ရွာသွန်းတော့ရာ ဆင်ဖြူတော်လည်း ရှေ့ဆက်မသွားဘဲ ရောက်ရာအရပ်၌ ရပ်လျက်နေလေတော့။

Then, when the white elephant passed the plain, the heavy rain downpoured. The white elephant stopped there.

အနော်ရထာမင်းကြီးသည် နောင်အခါ ထိုနေရာတွင် ရှင်ဘုရင်မိုးကောင်းဘွဲ့အမည်ရစေတီတစ်ဆူ တည်တော်မူလေသည်။

Later, the king Anawrahta built a pagoda and named as Shin Bayin Mokaung.

www.burmeseclassic.com

www.burmeseclassic.com

မိုးတိတ်သည်ရှိသော် ရတနာဆင်ဖြူတော်သည် ရှေ့သို့ဆက်လှမ်းသွားပြီးလျှင် တစ်နေရာ အရောက်၌ မာန်သွင်းလျက် အော်မြည်ဟစ်ကြွေးလေ၏။

When the rain stopped, proceeded some distance and made a loud voice.

ယင်းသို့ ဆင်မာန်သွင်းသည့်နေရာတွင် နောင်အခါ အနော်ရထာမင်းကြီးက ဆင်မာန်သွင်းစေတီတော်ကို တည်တော်မူလေသည်။

Later the king Anawrahta built a pagoda will the name Sinmanthwin pagoda.

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်မှာမူ ရတနာဆင်ဖြူတော်သည် တန့်ကြည့်တောင်ထိပ်ပေါ်သို့ တက်ပြီးလျှင် တောင်ထိပ်၌ ဝပ်လျက်နေလေ၏။

Then the white elephant climbed up to the summit of Tant Kyi mountain. Then it crouched on the summit.

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အနော်ရထာမင်းကြီးသည် ထိုသို့လျှင် တန့်ကြည့်တောင်စွယ်တော်ရှင် စေတီတော်ကို တည်ရာတွင် သစ္စာအဓိဋ္ဌာန်ပြုကာ တည်လေသည်။

When the king Anawrahta built Tant Kyi Taung pagoda, he made an oath.

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့လျှင် သစ္စာအဓိဋ္ဌာန်ပြုလျက် တည်ထားကိုးကွယ်ပြီးနောက် ရေစက်သွန်းချ အမျှဝေ တော်မူလေသည်။

After the king had made an oath, he poured holy water and shared his virtuous deed to all the living.

www.burmeseclassic.com

www.burmeseclassic.com

နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် သွက်သွက်ခါ တုန်လှုပ်ချောက်ချားလေတော့သည်။

Two hundred and forty thousand thickness of yuzana of earth jolted a tremendous earthquake.



မဟာပထဝီမြေကြီးကဲ့သို့ပင် အထက်မြတ္တာဘုံနှစ်ဆယ်သည်လည်း ပြင်းစွာတုန်လှုပ်လေ၏။

This earthquake reverberated up to Twenty plane of existence in brahma.

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဗြဟ္မာမင်းသည် တာဝတိံသာနတ်ပြည် ခြောက်ရွာမှ သိကြားမင်းနှင့် နတ်အပေါင်းကို
တိုက်တွန်းမိန့်မှာခြင်း ပြုလေ၏။
In accordance with the order of the king of brahma, from six plane of existence of deva from Tavatimsa.

www.burmeseclassic.com

www.burmeseclassic.com

ဗြဟ္မာမင်း၏ မိန့်မှာချက်အရ ဘုရားစောင့် နတ်မင်းကြီးသည် တန့်ကြည့်တောင်စွယ်တော်မြတ် စေတီအား ယနေ့တိုင် စောင့်ရှောက်လျက်ရှိပါသည်။ ထိုဘုရားစောင့် နတ်မင်းကြီးသည် တောင်ဖိုင်ဘိုးဘိုးကြီးဟုလည်း အမည်တွင်လျက်ရှိလေ၏။

According to the advice of brahma, the guardian spirit was guarding the Tant Kyi Taung tooth relic pagoda until today. This guardian spirit is also known as Taungpaing Bo Bo Gyi.



ယင်းဘုရားစောင့်နတ်မင်းကြီးသည် ဘုရားပရဝဏ်အတွင်း တစ်နေ့လျှင် သုံးကြိမ်တိုင်တိုင် လှည့်လည် စောင့်ရှောက်လျက် ရှိလေသည်။

This guardian spirit used to keep watch three times everyday.

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် နဂါးမင်းရာဇာသည် နဂါးအသွင် ပြန်ယူကာ ရောဝတီမြစ်ကြီးကို ဖြတ်ကူး ခဲ့ပြီးလျှင် ...

So the dragon king transformed into a dragon and crossed the Ayeyawadi river.



တစ်ဖက်ကမ်းစပ်သို့ ရောက်လေလျှင် မြေလျှိုးကာ တန့်ကြည့်တောင် စေတီရှိရာဆီသို့ ဦးတည်သွားလေ၏

When it had been on the opposite bank, he entered into the earth and went directly toward the Tant Kyi Taung pagoda.

burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပြုတ်ရွယ်တော်လေးဆုဘုရားသမိုင်း

History of four facred tooth-relic pagodas in Bagan.

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် နဂါးမင်းရာဇာ၏သမီးတော်များဖြစ်ကြသော စန္ဒီနှင့်နန္ဒီတို့သည် ဆွေတော်မျိုးတော် နဂါးအပေါင်းနှင့်အတူ ...

At that time, the daughters of dragon king Sandi and Nandi along with their relatives...

တန့်ကြည့်တောင်စွယ်တော်မြတ် စေတီသို့ လိုက်လာကြပြီးလျှင် ...

They went to Tant Kyi Taung tooth relic pagoda.

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

နဂါးမင်းရာဇာက အတင်းပြန်လွှတ်လျက်ရှိရာ သမီးတော်နှစ်ပါးက ဖခင်ကြီးကို မည်သို့မျှ ခေါ်မရသဖြင့် ခွင့်ပန်ကြတော့၏။

The dragon-king ordered them to go back and the two daughters asked permission.

www.burmeseclassic.com

www.burmeseclassic.com

ဤတွင် နဂါးမလေး စန္ဒီနှင့်နန္ဒီတို့သည် စွယ်တော်မြတ်စေတီအား ဦးခိုက်လျက် ဖခင်ကြီးအတွက် ဆုတောင်းပတ္ထနာ ပြုကြလေသည်။

At that time the two daughters Sandi and Nandi, bowing their heads towards the pagoda and prayed ...



burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

နဂါးမင်းရာဇာအား နဂါးစာကျွေးခြင်း၊ သောက်တော်ရေဆက်ခြင်း စသည့် ဒါနအမှုတို့ကို ယနေ့အထိ ပြုလုပ်လေ့ရှိကြလေ၏။

The pilgrims used to water and feeding the king of dragon until today.



နဂါးမင်းရာဇာ သစ္စာဆိုအမိန့်နာခံ့သည့်အတိုင်း တန့်ကြည့်တောင်စွယ်တော်မြတ်စေတီ၏ အရှေ့မြောက်ဘက် စောင်းတန်းအဆင်း လူသွားလမ်းပေါ်၌ ကျောက်နဂါးမင်း၏ ကိုယ်လုံးအကွက် ပေါ်လျက်ရှိခြင်း

As the resolution of dragon-king, the reticulate design appears in the northeast stairway as the skin of dragon.

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

လောကနန္ဒာမြတ်စွယ်တော်

Loka Nandar, the tooth relic pagoda



လောကနန္ဒာမြတ်စွယ်တော်စေတီသည် ပုဂံမြို့သစ် အနောက်တောင်ဘက် သီရိပစ္စယာရွာ ကျောက်စကားအရပ်၊ ရောဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိလေ၏။

The Loka Nandar tooth relic pagoda is situated on the bank of Ayeyarwadi river, at the northwest of New Bagan, Thiripyitsaya village in Kyauk Saga ward.

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တူရင်းတောင်မြတ်စွယ်တော်

Turin Taung tooth relic pagoda



တူရင်းတောင်မြတ်စွယ်တော်သည် ပုဂံမြို့ အရှေ့တောင်ဘက် ခြောက်မိုင်အကွာရှိ တူရင်တောင်ထိပ်တွင် တည်ရှိလေသည်။ တူရင်းတောင်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၅သန်း က ဖြစ်ပေါ်ခဲ့သော သဲကျောက်တောင်ဖြစ်ပါ၏။

The Turin Taung tooth relic pagoda is situated 6 miles southeast of Bagan and on the peak of Turin hill. Turin mountain range, geologically appeared 25 million years ago and compose of sandstone.

www.burmeseclassic.com

www.burmeseclassic.com

တူရင်းတောင်နှင့်ဆက်နေသည့် တောင်ဘက်မှတောင်မှာ သက်စိုးတောင် ဖြစ်ပါ၏။ တူရင်ဟူသော စကားလုံးမှာ တုရင်ဟူသော ပါဠိစကားမှလာကာ မြင်းနှင့်တူသောတောင်ဟူ၍ အဓိပ္ပာယ်ရပါသည်။

At the adjacent of Turin range is Thetso range. The word Turin derived from pali Turinga and that means the mountain looks like a horse.

အနော်ရထာမင်းကြီးသည် သီဟိုဠ်ကျွန်း နိုင်ငံမှပင့်ဆောင်လာသော မြတ်စွယ်တော်ကို ရှေးနည်းတူ အဓိဋ္ဌာန်လျက် ထပ်မံပွားကာ

As before, the king Anawrahta made an oath to tooth relic obtained from Ceylon.

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ထိုတောင်ထိပ်၌ စေတီတစ်ဆူကိုတည်ကာ မြတ်စွယ်တော်အား ဌာပနာပြီးလျှင် တူရင်းတောင် စေတီဟူ၍ ဘွဲ့အမည်သတ်မှတ်လေ၏။

The king built a pagoda and enshrined the tooth relic in it. This pagoda was named as Turin Taung pagoda.



သို့ဖြင့် တူရင်းတောင်စေတီသည်လည်း ပုဂံဒေသ၏ မြတ်စွယ်တော်လေးဆူတွင် အကြီးဝင်သော စေတီမြတ်တစ်ဆူပင်ဖြစ်ပါတော့သတည်း။

In this way Turin Taung pagoda was one of the four tooth relic pagodas in Bagan region.

www.burmeseclassic.com

www.burmeseclassic.com

ဓွယ်တော်လေးဆူ ဘုရားဖူးခရီး

Pilgrimage to four tooth relic pagodas

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးတို့သည် ပုဂံသို့ရောက်လျှင် ထူးခြားလှသည့် ပုဂံစွယ်တော်မြတ်လေးဆူ ဘုရားဖူးအဓိဋ္ဌာန်ခရီး ထွက်ကြစမြဲ ဖြစ်ပါသည်။

The pilgrims from various parts of country used to make pilgrimage to four sacred tooth relic pagodas.



ထိုခရီးမှာ ပုဂံမြတ်စွယ်တော်လေးဆူဖြစ်သည့် ရွှေစည်းခုံစေတီ၊ တန့်ကြည့်တောင်စေတီ၊ လောကနန္ဒာစေတီနှင့် တူရင်းတောင်စေတီတို့ကို တစ်နေ့တည်းဖြင့် သွားရောက်ဖူးမြော်ကာ ...

This pilgrimage is to visit, to resolute, and to pray at Shwe Zikhon, Tant Kyi Taung, Loka Nandar and Turin Taung pagodas within a day.

ဘုရားလေးဆူစလုံးကို ဆွမ်း၊ ရွှေသင်္ကန်း၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာ၊ ဆီမီးနှင့် နဝကမ္မ၊ ဝတ္ထုပစ္စည်းများ တူညီစွာဆက်ကပ်လှူဒါန်းပြီးလျှင် လိုရာတစ်ခုတည်းကိုသာ ဆုတောင်းရလေ၏။

After the piligrims offer cooked rice, robes flowers, water, incense sticks and lighting the oil lamps equally, pray for one thing.

www.burmeseclassic.com

www.burmeseclassic.com

ပုဂံမြတ်စွယ်တော်ဘုရားလေးဆူစလုံးအား မွန်းမတည့်မီ ဆွမ်းကပ်လှူဒါန်းလိုသူများသည် အိပ်ရာမှ စောစောထကာ နံနက်မလင်းမီမှာပင် တည်းခိုရာနေရာမှ ကားများဖြင့် ရောဝတီမြစ်ဆိပ်သို့ လှူဖွယ်တို့ကို တစ်ပါတည်း ယူဆောင်လျက် လာရလေ၏။

The pilgrims who want to offer four sacred tooth relic pagoda before noontime. The pilgrims wake up at dawn and go to the riverbank with offertories.

မြစ်ဆိပ်သို့ရောက်လေလျှင် မော်တော်ငယ်များပေါ်သို့ တက်ပြီး ရောဝတီမြစ်ပြင်ကျယ်ကို ၃၅ မိနစ်ခန့် ဖြတ်သန်းရလေ၏။

When they arrive at ferry terminal they step aboard the motorized ferry boats. They cross the Ayeyarwadi river for 35 minutes.

www.burmeseclassic.com

www.burmeseclassic.com

ပုဂံ၏တစ်ဖက်ကမ်း ပခုက္ကူခရိုင်အတွင်းရှိ တန့်ကြည်ရွာမှနေ၍ တစ်ဖန် မော်တော်ကားဖြင့် ရွာမှ ၅ မိုင်ခန့်ကွာဝေးသည့် တန့်ကြည်တောင်ထိပ်သို့ တက်ကြရလေသည်။

When the pilgrims are in the village of Tant Kyi in Pakokku district they had to drive up to the summit about 5 miles in distance.

တောင်ထိပ်သို့ရောက်လျှင် တန့်ကြည်တောင် စွယ်တော်မြတ်စေတီအား ဆွမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာစသည့် လှူဖွယ်အစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကြရလေသည်။

When they get the summit, they offer cooked rice, flowers, incense and candle-lit to the Tant Kyi Taung tooth relic pagoda.



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် အလာခရီးကအတိုင်း ရောဝတီမြစ်ကိုပြန်ဖြတ်ကူးလာကြပြီးလျှင် ကားများဖြင့် ရွှေစည်းခုံစွယ်တော်မြတ်စေတီသို့ သွားရောက်ဖူးမြော်ကြကာ ...

Then recross the Ayeyarwasdi river. Drive to Shwe Zikhon pagoda.



ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ တို့ဖြင့် ဆက်ကပ်လှူဒါန်းလျက် လိုရာ ဆုတောင်းကြရလေ၏။

Offer the cooked rice, flower, incense, oil lamp and pray.

ရွှေစည်းခုံအပြီးဝယ် ကားဖြင့်ပင် လောကနန္ဒာစွယ်တော်မြတ်စေတီဆီ ခရီးဆက်ကြရပြီးလျှင် ...

After Shwe Zikhon, pilgrims drive to Loka Nandar tooth relic pagoda.

www.burmeseclassic.com

www.burmeseclassic.com

လောကနန္ဒာစွယ်တော်မြတ်စေတီ၌ ရှေးဘုရားများ နည်းတူ လှူဖွယ်တို့ဆက်ကပ်ကာ လိုရာဆုကို တောင်းကြလေ၏။

As other pagoda pilgrims offer same offertories and pray.

ထိုမှတစ်ဖန် ပုဂံမြို့၏အရှေ့ဘက် (၆)မိုင်ခန့် ဝေးကွာသည့် တူရင်းတောင်ခြေဆီသို့ ဘုရားဖူး ကားများဖြင့် သွားရလေသည်။ တောင်ခြေသို့ ရောက်လျှင် သီးသန့်ကားငယ်များဖြင့် တောင်ထိပ် ပေါ်သို့ တက်ရောက်ကြရပြီးလျှင် ရှေးဘုရားများ နည်းတူ လှူဖွယ်တို့ ဆက်ကပ်ပြီးလျှင် လိုရာဆု တောင်းကြရလေ၏။

Thence drive 6 miles east of Bagan and they reach the foothill of Turin mountain range. At the foothill of Turin, the pilgrims climb up the summit by small vans. Similarly, offer the offertories and pray.

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com